**ရန်ကုန်ပရိုတက်စတင့်ပြန်လည်ပြုပြင်သောအသင်းတော်**
Yangon Protestant Reformed Church
**တနင်္ဂနွေစာစောင်၊ နံပတ် (၇၄)**

**နေ့စွဲ – ၁၀. ၄. ၂၀၁၁**

## ခရစ်တော်၏အခြေအနေများ – သူ၏နှိမ့်ချခြင်းနှင့် မြင့်မားခြင်း

(The States of Christ: Humiliation and Exaltation)

**ကောင်းမွန်သောရီဖေါ(မ့်)သီဩလော်ဂျီတိုင်းက ပုံမှန်အားဖြင့် ကြားဝင်ဖြန်ဖြေပေးသူသခင်ယေရှုခရစ်တော်၏ အခြေအနေများအားဆွေးနွေးခြင်းကို ပါဝင်စေလေ့ရှိပါသည်။ ဥပမာ – ဝဲစ်မင်စတာတိုတောင်းသောအမေးအဖြေများ (မးခွန်း ၂၃)က ဤသို့ပြောပါသည်၊ "ခရစ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ရှင်အနေနှင့် ပရောဖက်၊ ယဇ်ပုရောဟိတ်၊ ရှင်ဘုရင် စသည့်ဌာနများကို ဆောင်ရွက်ခဲ့ပါသည်၊ မိမိ၏ နှိမ့်ချခြင်းနှင့်မြင့်မားခြင်း အခြေအနေနှစ်မျိုးလုံးတွင် ဆောင်ရွက်ခြင်းဖြစ်သည်။" နှိမ့်ချခြင်း၊ မြင့်မားခြင်းအခြေအနေများက ဘာကိုဆိုလိုပါသနည်း?**

**အခြေအနေ ဆိုသောစကားလုံးက ကျွန်တော်တို့၏ ဥပဒေအရ အနေအထားကို ရည်ညွှန်းပါသည်၊ တရားဥပဒေရှေ့တွင် အပြစ်ရှိသလား? အပြစ်ကင်းသလား? စသည်မျိုးဖြစ်သည်။ ယျှုတွင် ထိုစကားလုံးကို သခင်ယေရှု၏ အလုပ်နှင့်ဆက်နွယ်၍သုံးခြင်းဖြစ်သည်။ နှိမ့်ချခြင်းအခြေအနေဟုခေါ်သည့် သူ၏အမှုတော်ဆောင်ခြင်း ပထမပိုင်းတွင်၊ ဘုရားသခင်၏ရှေ့ သူ၏ဥပဒေအရအခြေအနေမှာ အပြစ်သားဖြစ်သည်။ ဒုတိယပိုင်း၊ မြင့်မားခြင်းအခြေအနေ၌မူ၊ သူ၏ဥပဒေအရအခြေအနေမှာ ဘုရားသခင့်ရှေ့တွင် ဖြောင့်မတ်သူ ဖြစ်ပါသည်။**

**နှိမ့်ချခြင်းအခြေအနေသည်၊ မွေးဖွားစမှ အသေခံချိန်ထိဖြစ်သည်။ ထိုကာလအတွင်းတွင် သခင်ယေရှုကို ဘုရားသခင့်ရှေ့တွင် အပြစ်ရှိသူအဖြစ်သတ်မှတ်သည်။ မြင့်မားသောအခြေအနေတွင် သေခြင်းမှထမြောက်ခြင်း၊ ကောင်းကင်သို့တက်ခြင်း၊ ဘုရားသခင်၏ညာဖက်တွင် ခန်းနားစွာထိုင်တော်မူခြင်း၊ တရားစီရင်ရန်ပြန်လာခြင်းတို့ပါဝင်သည်။ ထိုကာလတွင် သူ့ကို ဖြောင့်မတ်သူ၊ အပြစ်ကင်းသူအဖြစ် သတ်မှတ်ပါသည်။**

**သခင်ခရစ်တော်သည် မည်သည့်အပြစ်ကိုမျှ ပြုခဲ့ခြင်းမရှိပါ။ မည်သည့် ကိုယ်ပိုင်အပြစ်အတွက်မျှလည်း ဖြောင့်မတ်ဖို့ မလိုအပ်ပါ။ သို့သော် သူသည် အပြစ်များကို ထမ်းရွက်ပေးသူဖြစ်သည်။ သူ့အပေါ်တွင် ဘုရားသခင်က ကျွန်တော်တို့၏အပြစ်များအားလုံးကို တင်တော်မူပါသည်(ဟေရှာ ၅၃း၆)။ ထို့ကြောင့် သူသည် အပြစ်ရှိသူ အပြစ်သားအဖြစ် သတ်မှတ်ခြင်း၊ ဆက်ဆံခြင်းကို ခံရခြင်းဖြစ်သည်။ အပြစ်အတွက် ဒဏ်ခတ်ခြင်းအားလုံးကိုပြည့်ဝစွာ ခံရခြင်းဖြစ်သည်။ ထို့နောက် ကျွန်တော်တို့အတွက် သူသည် ဖြောင့်မတ်သူ၊ အပြစ်မဲ့သူအဖြစ် ဆက်ဆံခြင်းကို ခံရပြန်ပါသည်။**

**ဟေရှ ၅၃ က** "ထိုသို့ မိမိအသက်ကိုသေခြင်း၌သွန်း၍၊ မတရားသောသူတို့၌သင့်ရေတွက်ဝင်ခြင်းသို့ရောက်သဖြင့်၊ လူများ တို့၏အပြစ်ကိုဆောင်ရွက်၍၊"**(၁၂)ဟု ခရစ်တော်ကို ရည်ညွှန်း၍ပြောခဲ့ခြင်းဖြစ်သည်။ သခင်ခရစ်တော်ကိုယ်တိုင်က မိ မိထံ၌ ကိုယ်ပိုင်အပြစ်တစုံမှုနရှိကြောင်း၊ သို့သော် ကျွန်တော်တို့တို့၏ အပြစ်လွန်ကျူးခြင်းအားလုံးကို ထမ်းရွက်ရသူ ဖြစ်ကြောင်းကို ဆာလံ ၆၉း၅ ၌ ဤသို့ပြောခဲ့ပါသည်** "အိုဘုရားသခင်၊ အကျွန်ုပ်မိုက်ခြင်းအမှုကို ကိုယ်တော်သိတော်မူ၏။ အကျွန်ုပ်၏အပြစ်တို့ကို ရှေ့တော်၌ဝှက်၍ မထားရပါ။"

**ခရစ်တော်သည် အပြစ်ရှိသောသူတို့နှင့်အတူ တဖွဲ့တည်းအဖြစ် သတ်မှတ်ခံတော်မူသဖြင့်၊ သူသည် ဘုရားသခင်၏ ရိုက်တော်မူခြင်း၊ အပြစ်ပေးတော်မူခြင်းတို့ကိုလည်း ခံခဲ့ရပါသည်(ဟေရှာ ၅၃း၄)။ သူ၏ဝေဒနာခံစားတော်မူခြင်း၊ စုံးစမ်းနှောက်ယှက်ခြင်းများ၊ လက်ဝါးကပ်တိုင်ပေါ်အသေခံခြင်း စသည်တို့၌ သူသည် မိမိခမည်းတော်ကိုယ်တိုင်၏ အပြစ်သားတယောက်ကဲ့သို့ သတ်မှတ်ဆက်ဆံခြင်းကို ခံတော်မူရပါသည်။ ထို့ကြောင့် နောက်ဆုံးတွင် "အကျွန်ုပ်၏အဘ၊ အကျွန်ုပ်၏အဘ၊ အဘယ်ကြောင့် အကျွန်ုပ်ကို စွန့်ပစ်တောမမူရသနည်း"ဟု အော်ဟစ်ခဲ့ခြင်းဖြစ်ပါသည်။**

**အပြစ်များကို ထမ်းရွက်ပေးရသူအနေနှင့် ခရစ်တော်သည် မိမိအတွက်မဟုတ် ကျွန်တော်တို့အပြစ်များအတွက် ဖြောင့်မတ်ခြင်းရရန် ပြန်လိုပါသည်။ ထို့ကြောင့် ဟေရှာ ၅၃း၁၁ က သူ့ကို ဘုရားသခင်၏ဖြောင့်မတ်သောအစေခံဟု ခေါ်ခြင်းဖြစ်သည်။ ၁ကော ၁း၃၀ က သူသည် ကျွန်တော်တို့အတါက် ဖြောင့်မတ်ခြင်းကိုပြုပေးသည်ဟု ပြောပါသည်။**

**ထိုအချက်သည် ဧဝံဂေလိသတင်းကောင်း၏ဗဟိုဖြစ်သည်၊ ကျမ်းစာ၏ အံ့ဩစရာအကောင်းဆုံးအချက်ဖြစ်သည်။ ဘုရားသခင်၏သားတော်သည် ကျွန်တော်တို့အတွက် သူ့ကိုယ်သူအပြစ်ဒုစရိုက်များနှင့် နှိမ့်ချမှုကို ခံယူချင်**

သည်(ဟေရှာ ၅၃း၁၂)။ ကျွန်တော်တို့ကယ်တင်ခံရရန် သူ၏ခမည်းတော်ကလည်း သားတော်ကို ထိုသို့ဆက်ဆံရန် အလိုတော်ရှိခြင်းသည် အတော် အံ့ဩစရာကောင်းပါသည်။ အံ့ဩစရာကယ်တင်ရှင် အမှန်ဖြစ်သည်။ သူ့အားစေ လွှတ်သောချစ်ခြင်းသည်လည်း အံ့ဩစရာဖြစ်ပါသည်။

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++++++++++

## ချစ်ခြင်းမေတ္တာနှင့်ခွင့်လွှတ်ခြင်း

## Love and Forgiveness

(၄၁)–ယေရှုက၊"ဥစ္စာရှင်တဦး၌ကြွေးစားနှစ်ဦးရှိ၏။ တယောက်၌ကားဒေနာရိအပြားငါးရာ၊ တယောက်၌ ကား ငါးဆယ်ကြွေးရှိ၏။ (၄၂)–သူတို့သည် ကြွေးဆပ်ရန်မရှိသောကြောင့်၊ ကြွေးရှင်သည် ထိုသူနှစ်ယောက်တို့ကို အချည်းနှီးလွှတ်၏။ သို့ဖြစ်လျှင်ထိုသူနှစ်ယောက်တွင်အဘယ်သူသည်ကြွေးရှင်ကိုသာ၍ချစ်လိမ့်မည်နည်း"–ဟုမေး တော်မူ၏။ (၄၃)–ရှိမုန်ကလည်း–"သာ၍ကျေးဇူးကိုခံရသောသူသည် သာ၍ချစ်လိမ့်မည်အကျွန်ုပ်ထင်ပါ၏" –ဟု လျှောက်လျှင်၊ ယေရှုက–"သင်ထင်သည်အတိုင်းမှန်ပေ၏"–ဟုမိန့်တော်မူပြီးမှ...(လုကာ ၇း၄၁–၄၃)

**မိတ်ဆက်စကား**

ဤပုံဥပမာတော်ကို သခင်ယေရှု၏သာသနာပြုခရီးစဉ်ထဲမှ မည်သည့်အချိန်တွင်ဟောပြောခဲ့ကြောင်းကိုအ တိအကျသတ်မှတ်ဖို့ရန်အတော်ခက်ပါသည်။ အကယ်၍ကျွန်တော်တို့သည် ရှင်လုကာခရစ်ဝင်ထဲတွင်မှတ်တမ်းတင် ထားသည့်အတိုင်းသတ်မှတ်မည်ဆိုလျှင် ဤပုံဥပမာသည် သခင်ယေရှု၏'ဂါလိလဲနယ်သာသနာ'စောစောပိုင်း၌ ပြော ကြားခဲ့ခြင်းဖြစ်ပေမည်။ အမှန်စင်စစ် ရှင်မဿဲခရစ်ဝင်အခန်းကြီး(၁၃)ထဲတွင်မှတ်တမ်းတင်ထားသော ပုံဥပမာများ ထက်ပင် အရင်ကျနေမည်ဖြစ်၏။

မည်သို့ပင်ဖြစ်စေ၊ ဤပုံဥပမာသည် ကောင်းကင်နိုင်ငံတော်အတွင်းမှပေါင်းသင်းဆက်ဆံရေးအကြောင်းနှင့် စပ်ဆိုင်နေသောကြောင့် ကျွန်တော်တို့စီစဉ်ထားသောပုံဥပမာ–ဒုတိယအုပ်စုထဲတွင်ထည့်သွင်းရန်ပို၍သင့်တော်မည် ဖြစ်၏။ ထို့အပြင် ပုံဥပမာများကိုနေ့စွဲအလိုက်အတိအကျစီစဉ်ထားဖို့ရန်သိပ်မလိုအပ်၍လဲဖြစ်သည်။

ပုံဥပမာသည် အလွန်တိုတောင်းသည်၊ သို့သော် (ဖါရိရှဲ'ဆိုင်းမွန်း'နှင့်လင်ငယ်နေသောမိန်းမတဦးတို့ပါဝင် သော)အထူးခြားဆုံးပတ်ဝန်းကျင်အခြေအနေမျိုးတွင် ဟောပြောခဲ့ခြင်းဖြစ်သည်။ ဤနောက်ခံအဖြစ်အပျက်မပါဘဲ နှင့် ပုံဥပမာကိုနားလည်နိုင်မည်မဟုတ်သောကြောင့် သခင်ယေရှုသွန်သင်လိုသောအဓိကအချက်ကို နားလည်နိုင်ဖို့ အတွက် နောက်ခံအဖြစ်အပျက်တခုလုံးကို ကျွန်တော်တို့လေ့လာသွားရမည်ဖြစ်၏–(လုကာ ၇း၃၆–၅၀)။ ဤပုံဥပမာ သည် (အခြားသောပုံဥပမာများစွာက လုံးဝထည့်သွင်းခြင်းမပြုဘဲနေတတ်ကြသော) အဖြစ်အပျက်တခုလုံး၏အစိတ် အပိုင်းတရပ်ပုံစံမျိုးအဖြစ်တွေ့ရသည်။

မည်သို့ပင်ဖြစ်စေ၊ သခင်ယေရှုလုပ်ဆောင်လိုက်သော အရေးကြီးသောအချက်ကြောင့် ဤပုံဥပမာကို ကျွန် တော်တို့၏လေ့လာခြင်းအစီအစဉ်ထဲတွင်ထည့်သွင်းလိုက်ခြင်းဖြစ်သည်။

ဤပုံဥပမာကိုအကြမ်းဖျဉ်းသုံးသပ်ကြည့်လိုက်လျှင်ပင် (အချက်အချာကျသောပုံဥပမာအနက်ဖွင့်ခြင်းစည်း မျဉ်းတခု)ကိုသုံး၍ သတိထားစွာဖြင့်လေ့လာကြရမည်ဖြစ်ကြောင်းထင်ရှား၏။ ကျွန်တော်ဆိုလိုသောစည်းမျဉ်းမှာ–ပုံဥ ပမာ၏အဓိကရည်ရွယ်ချက်ကို ထောက်ကူပေးသောအချက်များကိုသာ ဝိညာဉ်သဘောအရအနက်ဖွင့်ရမည်၊ ကျန် သောအသေးအဖွဲအချက်များကိုချန်လှပ်ထားရမည်–ဟူသောစည်းမျဉ်းဖြစ်သည်။

ဤပုံဥပမာထဲမှ အချက်(၂)ခုက ဤစည်းမျဉ်းအောက်သို့ကျရောက်နေသည်။

(ပထမအချက်မှာ)–ပုံဥပမာထဲမှ လူနှစ်ယောက်လုံးသည် (ငွေကြေးပမာဏအနည်းငယ်အကြွေးတင်နေကြ ခြင်း)ဖြစ်သည်။ တဦးကဒေနာရိအပြားငါးရာ၊ ကျန်တဦးကငါးဆယ် အကြွေးတင်နေကြသည်။ အတော်နည်းပါးသော ငွေကြေးပမာဏကို ဘုရားသခင်ထံ၌တင်ရှိနေကြသောကျွန်တော်တို့၏အပြစ်ကြွေးများနှင့်ထပ်တူပြုဖို့မည်သည့်နည်း နှင့်မျှမကြိုးစားရပါ။ မှန်ပါသည် ဒေနာရိအပြားငါးရာသည် တချို့ရှုထောင့်မှကြည့်လျှင်ကြီးမားသောပမာဏဖြစ်နေ သေးသည်။ သခင်ယေရှု၏ခေတ်တွင် သာမန်လူတယောက်၏တနေ့စာလုပ်အားခသည် ဒေနာရိတပြားမျှသာဖြစ်၍ ရက်ပေါင်းငါးရာလုပ်အားခနှင့်ညီမျှနိုင်ပေသည်။ သို့သော်သခင်ယေရှုကပုံဥပမာထဲမှကြွေးမြီ၏ပမာဏကိုသော်၄င်း၊ ဖါရိရှဲ'ဆိုင်းမွန်း'၏ကြွေးမြီးပမာဏကိုသော်၄င်း၊လင်ငယ်နေသောမိန်းမ၏ကြွေးမြီပမာဏကိုသော်၄င်း၊ ဘာမှအထူးပြု ဆက်စပ်ပြောဆိုခြင်းမရှိပါ။

(ဒုတိယအချက်မှာ)–(ပုံဥပမာထဲတွင် အကြွေးတင်သူနှစ်ဦးစလုံးကိုခွင့်လွှတ်လိုက်ခြင်း)အချက်ဖြစ်သည်။ အကယ်၍ကျွန်တော်တို့က ဒေနာရိငါးရာအကြွေးတင်သူသည် လင်ငယ်နေသောမိန်းမကိုဆိုလို၍၊ ငါးဆယ်အကြွေးတင်သူသည်ဖါရိရှဲ‘ဆိုင်းမွန်း’ကိုဆိုလိုသည်ဟုမှတ်ယူခဲ့ပါလျှင် ထိုသူနှစ်ယောက်စလုံးခွင့်လွှတ်ခြင်းခံရသည်ဟု နိဂုံးချုပ်ကောက်ချက်ချလိုက်မိနိုင်သည်။ သို့သော်ထိုသို့မဟုတ်ပါ။ သခင်ဘုရားကိုယ်တော်တိုင်က လင်ငယ်နေသောမိန်းမအားအပြစ်ခွင့်လွှတ်ခြင်းခံရကြောင်းပြောပြခဲ့သည်၊ သို့သော် ဖါရိရှဲ‘ဆိုင်းမွန်း’အတွက်ထိုသို့လုံးဝမပြောပါ။

ဤပုံဥပမာ၏အဓိကအချက်မှာ–ချစ်ခြင်းမေတ္တာထဲတွင်သူ့ဟာသူထင်ရှားပြလာသောခွင့်လွှတ်ခြင်းတရား–ကိုဖေါ်ထုတ်ပြဖို့ရန်ဖြစ်သည်။ ကျွန်တော်တို့အား (ကျေးဇူးကြီးလှစွာခွင့်လွှတ်လိုက်သောဘုရားသခင်၏)အပြစ်ခွင့်လွှတ်ခြင်းသည် သူ၏ချစ်ခြင်းမေတ္တာထဲတွင်သူ့အလိုလိုပါဝင်ပြီးသားပင်ဖြစ်၏။ ဤအချက်သည် ပုံဥပမာ၏အဓိကအာရုံစိုက်ထားသောအချက်ဖြစ်သည်။

တချိန်ထဲမှာပင် နောက်ခံအဖြစ်အပျက်တခုလုံးသည်၄င်း၊ သခင်ယေရှုကသူ၏အဓိကသွန်သင်လိုသောအချက်ကိုထင်ရှားအောင်ပြောပြလိုက်သောပုံဥပမာသည်၄င်း၊ ထင်သည်ထက်နက်နဲရှုပ်ထွေးမှုများရှိနေသည်။ နောက်ခံအဖြစ်အပျက်ထဲမှ ဆက်နွယ်ပတ်သက်မှုတချို့သည် ကောင်းစွာဖြေရှင်းခြင်း၊သဘောပေါက်ခြင်း–ရှိရန်လိုနေသည်။

အဓိကအကျဆုံးဆက်နွယ်ပတ်သက်မှုမှာ ခွင့်လွှတ်ခြင်းနှင့်မေတ္တာတရားတို့အကြားဆက်နွယ်မှုဖြစ်သည်။“အနည်းငယ်သာခွင့်လွှတ်ခြင်းခံရသူသည်၊ ထပ်တူထပ်မျှအနည်းငယ်သာချစ်တတ်သည်”(လု ၇း၄၇)။ အပြစ်မှခွင့်လွှတ်ခြင်းတရားသည် ချစ်ခြင်းမေတ္တာအပေါ်တွင်အခြေခံထားခြင်းဖြစ်သည်။ သခင်ဘုရားကိုယ်တိုင်က–“ထို့ကြောင့် သင့်ကိုငါပြောမည် သူမ၏များလှစွာသောအပြစ်များသည်ခွင့်လွှတ်ခြင်းခံရပြီ၊ အဘယ့်ကြောင့်ဆိုသော် သူမသည်အလွန်ချစ်သောကြောင့်ဖြစ်သည်”–ဟုပြောခဲ့သည်။ ရှင်းအောင်ပြောရမည်ဆိုလျှင်–“သူမ၏အပြစ်များခွင့်လွှတ်ခြင်းခံရသည်၊ အဘယ့်ကြောင့်ဆိုသော် သူမအလွန်ချစ်တတ်သောကြောင့်ဖြစ်သည်”။ ဤအချက်ကို ဤအဖြစ်အပျက်ပန်းချီကားထဲသို့ မည်ကဲ့သို့ကိုက်ညီအောင်ထည့်သွင်းကြမည်နည်း?

အခြားဆက်နွယ်ပတ်သက်မှုတခုသည် သခင်ယေရှုကထိုအမျိုးသမီးကိုတိုက်ရိုက်ပြောကြားချက်“သင့်ယုံကြည်ခြင်းကသင့်ကိုကယ်တင်လိုက်ပြီ၊ ငြိမ်းချမ်းစွာသွားပါလော့”–ဟူသည့်အထဲတွင်တွေ့ရသည်။ ဤနေရာတွင်သခင်ယေရှုက ယုံကြည်ခြင်းသည် ထိုအမျိုးသမီးကယ်တင်ခြင်းခံရခြင်း၏(အကြောင်းအရင်း)ဖြစ်သည်ဟုပြောနေသည်။ ထို့ကြောင့်ကျွန်တော်တို့သည်–ထိုအမျိုးသမီးကသူမ၏ယုံကြည်ခြင်းကိုမည်သည့်နည်းဖြင့်ပေါ်လွင်ထင်ရှားစေသနည်း? ထို့အတူ သူမ၏ယုံကြည်ခြင်းနှင့်သူမ၏ချစ်မေတ္တာတို့အကြား ဆက်နွယ်ပတ်သက်မှုအဘယ်သို့ရှိသနည်း?–ဟူသောမေးခွန်းများနှင့်ထိပ်တိုက်ရင်ဆိုင်လိုက်ရတော့သည်။

ဤမေးခွန်းများဆီသို့ (ကျွန်တော်တို့အတွက်လဲအရေးကြီးသည်နှင့်အညီ) ကျွန်တော်တို့သခင်ဘုရား၏နက်နဲကောင်းမြတ်သောသွန်သင်ချက်များကိုနားလည်နိုင်ဖို့အတွက်ရည်ရွယ်ချက်ဖြင့် နောက်လှည့်၍ချဉ်းကပ်ကြပါမည်။

**ဆိုင်းမွန်း**

ဆိုင်းမွန်းသည် သခင်ဘုရားအတွက်စားသောက်ပွဲတရပ်ပြင်ဆင်ထားရာသို့ သခင်ဘုရားအားဖိတ်ခေါ်လာသည်။ ဤဖိတ်ခေါ်ခြင်း၏ရည်ရွယ်ချက်ကို ကျမ်းစာထဲတွင်ဖေါ်ပြမထားပါ။ သို့သော်အဖြစ်အပျက်တခုလုံးကိုချိန်၍ကြည့်ပြီး ဤဖိတ်ခေါ်ခြင်းသည် မကောင်းသောရည်ရွယ်ချက်ဖြစ်နိုင်သည်ဟု ကျွန်တော်တို့တွက်ဆနိုင်သည်။ ဆိုင်းမွန်းသည် သခင်ယေရှုအပေါ်သနားဂရုဏာပြလိုစိတ်မရှိပါ။ သခင်ယေရှုအား သူ့အရှင်သခင်အဖြစ်ချစ်မြတ်နိုး၍ဖိတ်ခေါ်ခြင်းလဲမဟုတ်ပါ။

ဤစားသောက်ပွဲသည် လုပ်နေကျစားသောက်ပွဲတရပ်ဖြစ်ကြောင်း သက်သေထင်ရှားလှသည်။ ထိုပွဲမျိုးတွင်အင်္ဂလိပ်စာလုံး‘ယူ’ပုံစံစားပွဲကြီးကိုသုံးလေ့ရှိသည်။ ထိုသို့အားဖြင့် ဧည့်သည်တော်များကအပြင်နှုတ်ခမ်းပတ်ပတ်လည်တွင်ထိုင်ကြပြီး၊ အစေခံများကအတွင်းစည်းဝိုင်းတလျှောက်လိုသမျှဖြည့်ဆည်းပေးနိုင်ကြမည်ဖြစ်သည်။

အချို့အခြေအနေများတွင် ရွာသူရွာသားများကိုလည်းလာရောက်ခွင့်ပေးတတ်သည်၊ သို့သော်စားပွဲတွင်ဝင်ထိုင်၍စားသောက်ရန်မဟုတ်ဘဲ၊ ခန်းမကြီး၏နံရံနားတလျှောက်ကျောကပ်မတ်တပ်ရပ်၍ သူတို့ဘယ်တော့မှမရရှိနိုင်မည့် အထက်တန်းစားတို့၏စားကောင်းသောက်ဖွယ်စားသောက်ပျော်ပါးကြခြင်းကို ငေးမောအားကျနေဖို့ရန်သာဖြစ်သည်။ ယခုဖြစ်ပေါ်တော့မည့် အပြင်းစားဇာတ်လမ်းဇာတ်ကွက်ကို မျက်မြင်သက်သေအဖြစ်တွေ့ကြုံခွင့်ရသူတချို့တလေလဲရှိနေနိုင်သည်။

ဖြစ်နိုင်သည်မှာ(လုကာ ၇း၃၉)တွင်ပါသောအချက်သည် သခင်ယေရှုအားခေါ်ဖိတ်ရခြင်းအကြောင်းရင်း၏သဲလွန်စတခုဖြစ်ကောင်းဖြစ်နိုင်သည်။ သခင်ယေရှုက သူ့ခြေထောက်ကိုလင်ငယ်နေသောမိန်းမအားကိုင်တွယ်ခွင့်ပြု

လိုက်ခြင်းကို ဆိုင်းမွန်းကစောင့်ကြည့်နေရင်းတွေးမိသည်မှာ–“ဤသူသည် ပရောဖက်ဟုသူ့ကိုယ်သူပြောသော်လည်း မဟုတ်မှန်နိုင်ပါ၊ ပရောဖက်အစစ်ဖြစ်သူသည် ဤမိန်းမ၏ကိုယ်ကျင့်တရားအလုံးစုံကိုသိနိုင်စွမ်းရှိရမည်၊ ထို့အတူ ပရောဖက်အစစ်ဖြစ်သူတယောက်သည် ညစ်ညမ်းသောမိန်းမတယောက်၏တို့ထိခြင်းကိုပင်လက်ခံမည်မဟုတ်ပါ”–ဟူ၍ဖြစ်၏။ ထိုတုံ့ပြန်မှုက ဆိုင်းမွန်းသည်သခင်ယေရှုအား ကိုယ်တိုင်တွေ့ဆုံစစ်ဆေးလို၍ ခေါ်ဖိတ်လိုက်ခြင်းဖြစ်နိုင်ကြောင်း ထောက်ခံနေသည်။ ဆိုင်းမွန်းအနေနှင့် တရားမျှတခြင်းရှိစေလိုသောကြောင့်၊ သူ့မိတ်ဆွေဖါရိရှဲများကသခင်ယေရှုအပေါ် တဖက်သတ်စွပ်စွဲချက်များအားဖြင့်အဆုံးအဖြတ်မပြုလိုသောကြောင့်၊ ယခုလိုသူကိုယ်တိုင်မျက်မြင်ကိုယ်တွေ့စူးစမ်းဖို့ခေါ်ဖိတ်ခြင်းဖြစ်သည်။ ယခုတော့ သူ့ကိုယ်ပိုင်အဖြေကိုရရှိခဲ့ပြီ– သခင်ယေရှုပရောဖက်ဖြစ်သည်ဆိုခြင်းမှာမုသာသက်သက်သာဖြစ်သည်။

ဆိုင်းမွန်းသည် ဖါရိရှဲတယောက်ဖြစ်ခြင်းကို ကျမ်းစာထဲတွင်အလေးထားဖေါ်ပြထားသည်။ ဖါရိရှဲဆိုသည်မှာ ပညတ်တရားတော်များကိုစောင့်ထိန်းခြင်းဖြင့်ကယ်တင်ခြင်းခံစားနိုင်သည်ဟု ခံယူသူများဖြစ်ကြသည်။ သူတို့သည် ထိုအတွေးအခေါ် ကြောင့်သာမကဘဲ၊ သူတို့ကိုယ်တိုင်လဲပညတ်တော်များကိုစောင့်ထိန်းနိုင်စွမ်းရှိကြသူများဖြစ်သည်။ သူတို့သည် သူတို့အကျင့်တရား၏ထိုက်တန်မှုအားဖြင့် ကယ်တင်ခြင်းခံစားကြရသည်ဟု ခံယူကြသည်။ အခြားသော ကယ်တင်ခြင်းမျိုးရှိမည်ဆိုလျှင် သူတို့ကိုရောမအင်ပါယာအုပ်စိုးမှုအောက်မှကယ်တင်ပြီး၊ ဒေးဗစ်နှင့်ဆော်လမွန်တို့၏နိုင်ငံဟောင်းကိုပြန်လည်တည်ထောင်ကာ၊ သူတို့ကိုလဲသူတို့နှင့်ထိုက်တန်သောရာထူးရာခံတရပ်ရပ်ကိုပေးအပ်မည့် (လောကီဆိုင်ရာ) မေရှိယကယ်တင်ရှင်သာဖြစ်ရမည်ဟု ထင်မြင်ကြသည်။

ဤလွဲမှားသောယုံကြည်ခြင်း၏ရလဒ်မှာ– သူတို့သည် သူတို့မျက်စိထဲတွင် ဖြောင့်မတ်နေကြသည်။ ထို့အတူ သူတို့အသင်းတော်ထဲတွင် ပညတ်တော်များကိုချိုးဖောက်သူအပြစ်သားများအတွက်နေရာမရှိပါ။ ထိုမျှမကဘဲ ကယ်တင်ခြင်းခံစားနိုင်ဖို့အတွက်ပညတ်တော်များကိုစောင့်ထိန်းခြင်းဆိုသည်မှာ ညစ်ညူးခြင်းဆိုင်ရာပညတ်တော်များကိုအထူးဂရုစိုက်စောင့်ထိန်းရန်ဖြစ်သည်။ ညစ်ညူးသွားနိုင်မည့်နည်းလမ်းများအနက်တခုမှာ အပြစ်သားများနှင့်ထိမိကိုင်မိခြင်း၊ အတူနေထိုင်စားသောက်ခြင်းပင်ဖြစ်သည်။ အပြစ်သားများနှင့်ဝေးဝေးရှောင်ခြင်းသည် ပညတ်တော်ကိုစောင့်ရှောက်ခြင်းပင်ဖြစ်သည်…စသဖြင့်ခံယူကျင့်သုံးကြသည်။

ဤသို့သောအခြေအနေအရပ်ရပ်အောက်တွင် ဆိုင်းမွန်းသည် သခင်ယေရှုအားချစ်မြတ်နိုးစိတ်လုံးဝမရှိကြောင်းထင်ရှားလှသည်။ သူ့အပြုအမူသည် စစ်ကြောစုံစမ်းလိုခြင်းသက်သက်သာဖြစ်သည်။ ယခုတော့ သခင်ယေရှုသည် သူ့ကိုယ်သူ‘မေရှိယ’ဖြစ်သည်ဟုအယောင်ဆောင်နေသူတဦး–မျှသာဖြစ်သည်ဟု ကောက်ချက်ချလိုက်ပါပြီ။

စကထဲကယဉ်သကိုဟုဆိုရလောက်အောင် ဆိုင်းမွန်းက သခင်ယေရှုကိုစတွေ့ကထဲက အယောင်ဆောင်တဦးကဲ့သို့သာဆက်ဆံလိုက်သည်။ သခင်ဘုရားသူ့အိမ်သို့ဆိုက်ရောက်လာချိန်တွင် အိမ်ရှင်တဦးကဧည့်သည်ဖြစ်သူကိုပြုမြဲဖြစ်သည့်သာမန်ဧည့်ဝတ်ပြုခြင်းမျိုးကိုပင်မလုပ်ပေးခဲ့ပါ။ သူသည် သခင်ယေရှု၏ဖုန်တွေပေနေသောခြေထောက်ကို (ထုံးစံအတိုင်း)ဆေးကြောနိုင်ဖို့အတွက် ရေကိုသော်၎င်း၊ အစေခံတဦးတလေကိုသော်၎င်း၊ လုံးဝမပေးခဲ့ပါ။ သူသည် သခင်ဘုရားကို (ထုံးစံအတိုင်း)နမ်းရှုံ၍ကြိုဆိုခြင်းမပြုခဲ့ပါ။ သခင်ဘုရားကို သံလွင်ဆီနှင့်ဘိသိက်ပေးခြင်းလဲမလုပ်ခဲ့ပါ။ ထိုနေရာတွင်အခြားသောဧည့်သည်တော်များလဲရှိနေကြပြီး၊ သူတို့သည်ဆိုင်းမွန်းနှင့်စိတ်တူသဘောတူသူများဖြစ် ကြသည်ဆိုသောအချက်က(လု ၇း၄၉) ဆိုင်းမွန်းသည် အခြားသောဧည့်သည်တော်များကို(သခင်ယေရှုကိုပြုကျင့်သကဲ့သို့ ထိုသူများကိုမဆက်ဆံရဲသဖြင့်) ဧည့်ဝတ်ကျေပြွန်ပြလိုက်ခြင်းဖြင့် သခင်ယေရှုကိုမတူမတန်သဘောထား ကြောင်းပြလိုက်ခြင်းဖြစ်ကြောင်းထင်ရှားစေသည်။

ဆိုင်းမွန်းတွင်ဘုရားသခင်အပေါ် ၌အလွန်နည်းပါးသော ငွေဝါးဆယ်အကြွေးကလေးသာတင်ရှိနေသည်။ ဆိုလိုသည်မှာ သူ့ကိုယ်သူအကြွေးနည်းနည်းလေးသာရှိသည်ဟုထင်မြင်နေသည်။ သူပညတ်တော်ကိုစောင့်ထိန်းသည်။ သူစောင့်ထိန်းဖို့ပျက်ကွက်သည်မှာ အလွန်သေးမွှား၊မထင်ရှားသောအရာကလေးများတွင်သာဖြစ်သည်။ ထို့ကြောင့် သူသည်မလွဲမသွေ အကြွေးကင်းသူတဦးသာဖြစ်ရပေမည်–စသဖြင့် သူ့ကိုယ်သူထင်နေ၏။

## လင်ငယ်နေသောမိန်းမ

ဆိုင်းမွန်းနှင့် (စားသောက်ပွဲထဲသို့ရုတ်တရက်ဝင်ရောက်လာသူ) လင်ငယ်နေသောမိန်းမတို့အကြား ကွဲပြားမှုသည်ထင်ရှားလှပါသည်။ ထင်ရှားလိုက်သမှ ထို့ထက်ပို၍မကွဲပြားနိုင်တော့သည်အထိဖြစ်၏။

အချို့သမ္မာကျမ်းစာပညာရှင်များက ဤအမျိုးသမီးသည် (သခင်ယေရှုကနတ်ဆိုး(၇)ကောင်မောင်းထုတ်ပေးလိုက်သော) ‘မာရိမဂ်ဒလင်း’ဖြစ်သည်ဟုထောက်ခံကြသည်။ သို့သော် သမ္မာကျမ်းစာ၏အခြားနေရာတွင်ဤအ

ကြောင်းကိုအထောက်အကူပေးခြင်းမတွေ့ရသောကြောင့် မှန်းဆချက်တခုအဖြစ်သာကျန်ရှိနေမည်ဖြစ်သည်။ ကာယကံရှင်အမျိုးသမီးနှင့် ကောင်းကင်ဘုံတွင်ပြန်တွေ့ဆုံချိန်အထိ အဖြေမရှိသောမေးခွန်းအဖြစ်ကျန်ရှိနေမည်ဖြစ်၏။

ထိုအမျိုးသမီးသည်အလွန်အမင်းဆိုးညစ်လွန်းသူအဖြစ်လူသိများသည်။ သူမသည်ပြည့်တန်ဆာမရိုးရိုးမဟုတ်ဘဲ 'ဂျယ်ရီကိုမြို့ရိုးပေါ်မှ'ရာဟတ်'ကဲ့သို့ပင် အများနှင့်ဆိုင်သောပြည့်တန်ဆာမအဖြစ် တရွာလုံးကသိနေကြသူ ဖြစ်၏။ သူမနှင့်လမ်းပေါ်မှာရင်ဆိုင်တိုးမိကြလျှင် သူမကိုရှောင်ချင်ဖော့နှင့်လမ်းတဖက်သို့ကူးပြေးတတ်ကြ၏။ ဈေးဆိုင်ပိုင်ရှင်များကလည်း သူမ၏စီးပွားရှာပုံကိုသိနေကြသောကြောင့် သူမဈေးလာဝယ်ပြီးကျသင့်ငွေရှင်းပေးသည့် အချိန်တွင် သူမလက်ထဲမှစေးထန်းထန်းဒင်္ဂါးပြားများကို မယူချင့်ယူချင်လက်ခံကြ၏။ ကလေးများကသူမကိုလှောင်ပြောင်ကြပြီး၊ ကာလသားများကမထီမဲ့မြင်ပြုကြသည်။ သူမသည် 'တမြို့လုံး၏ပြည့်တန်ဆာမ'ဖြစ်သောကြောင့်ပင်တည်း။

ဤဂုဏ်ကျက်သရေကင်းမဲ့သောအမျိုးသမီးသည် ကြီးမားစွာအကြွေးတင်နေသူဖြစ်၏။ နောက်ထပ်တဖန်၊သခင်ဘုရား၏သာသနာတော်ထဲတွင်အမြဲဖြစ်နေကြအတိုင်းပင်၊ ဤအကြွေးပမာဏသည် ကာယကံရှင်၏ရှုထောင့်မှကြည့်၍ပြောခြင်းဖြစ်သည်၊ ပုဂ္ဂိုလ်ခွဲမပါဘဲသတ်မှတ်ခြင်းမဟုတ်ပါ။ ပုဂ္ဂိုလ်ခွဲလုံးဝမပါသောရှုထောင့်မှကြည့်၍ပြောရလျှင်တော့၊ ဘုရားသခင်အပေါ်၌တင်ရှိနေသော ဆိုင်းမွန်းနှင့်ပြည့်တန်ဆာမတို့၏အကြွေးသည်အတူတူပင်ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် နှစ်ဦးစလုံးသည် လုံးဝဥဿုံပျက်စီးယိုယွင်းနေကြသောအပြစ်သားများဖြစ်ကြသောကြောင့်ဖြစ်၏။ ထို့အတူ ဘုရားသခင်က လင်ငယ်နေခြင်း–အပြစ်သည် ကိုယ့်ဟာကိုယ်ဖြောင့်မတ်သူဟုသတ်မှတ်ခြင်း–အပြစ်ထက်ပို၍ဆိုးဝါးသည်ဟုမယူဆပါ။ သို့သော် လူ့အထင်အမြင်အားဖြင့်ဆိုလျှင် ဆိုင်းမွန်းသည်အလွန်သေးငယ်သောအကြွေးတင်နေပြီး၊ ပြည့်တန်ဆာမကတော့အလွန်ကြီးမားသောအကြွေးတင်နေပေသည်။

လူတဦးသည် သူ/သူမ၏အပြစ်ကို သူ/သူမ၏နှလုံးသားထဲတွင် ဝိညာဉ်တော်ကဖော်ပြပေးခြင်းအားဖြင့် သာသိမြင်နိုင်၏။ ဤလုပ်ဆောင်ချက်သည်အမြဲတမ်းပင် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းအားဖြင့် ဆက်စပ်ပြီးမြောက်ခြင်းရှိနေ၏။ ဤအမျိုးသမီးသည် တနေရာရာတွင် တနည်းနည်းအားဖြင့် သခင်ခရစ်တော်၏အကြောင်းနှင့် သူ၏ကောင်းကင်နိုင်ငံတော်အကြောင်းဟောပြောချက်ကိုကြားသိခဲ့ပြီးဖြစ်ပေမည်။ သူမသည် သူမ၏အပြစ်ကြီးမားလှပုံကိုသိမြင်လာပြီး၊အလွန်စိတ်ထိခိုက်သွားရသည်၊ ထို့အတူ သူမကိုယ်သူမ မည်သည့်ကောင်းချီးမင်္ဂလာနှင့်မျှမထိုက်တန်ဘဲ ငရဲနှင့်သာထိုက်တန်သောသူအဖြစ် ရှုံ့ရှာစက်ဆုပ်လာရတော့၏။

သူမ၏အပြစ်အတွက်ကြီးမားစွာဝမ်းနည်းရခြင်းသည် သူမ၏မျက်ရည်များထဲတွင်ပေါ်လွင်ထင်ရှားနေ၏။ သူမသည်သခင်ခရစ်တော်ထံသို့သွားဖို့ အကြီးအကျယ်ကြိုးစားပြီးနောက်မှသာ ဆုံးဖြတ်လိုက်နိုင်ခြင်းဖြစ်ဖို့များ၏။ သူမ–ပြောချင်သည့်စကားအနည်းငယ်ကိုပြောထွက်နိုင်ဖို့အရေး အကြီးအကျယ်ကြိုတင်ပြင်ဆင်လာရဖွယ်ရှိ၏။ သူမသည် သူမ၏ရုက်ဖွယ်ကောင်းသောဘဝအတွက်မည်မျှဝမ်းနည်းမိရကြောင်း၊ ထို့ကြောင့် ထိုဘဝဟောင်းကိုစွန့်ပစ်လိုက်ဖို့သူမ–ဆုံးဖြတ်လိုက်ပြီးသည့်အကြောင်း၊ ထို့နောက်တွင် ဘုရားသခင်အားနာခံလိုက်လျှောက်ခြင်းဖြင့်ဆက်လက်ရှင်သန်သွားမည့်အကြောင်း–တို့ကို သခင်ဘုရားအားပြောပြရန်စိတ်ဆုံးဖြတ်လိုက်ပြီးဖြစ်၏။ ထိုသို့ပြောခြင်းဖြင့်မည်သည့်ရလဒ်မျိုးရလာမည်ကို သူမအသေအချာမသိနိုင်ခဲ့ပါ။ သို့သော် ဤသို့ထုတ်ပြောလိုက်ခြင်းက သူမ၏မှုန်တိုင်းထန်နေသောနှလုံးသားကို တနည်းတဖုံငြိမ်သက်သွားစေသောကုထုံးတရပ်ဖြစ်ကောင်းဖြစ်နိုင်သည်မဟုတ်လော။

သို့သော်၊ သူမ၏အစီအစဉ်များဘာတခုမှဖြစ်မလာခဲ့ပါ။ သခင်ခရစ်တော်အားမြင်တွေ့လိုက်ရသည့်ခဏခြင်းမှာပင်၊ သူမအသေအချာပြောဖို့ပြင်ထားသည့်စကားလုံးများ ပျောက်ကွယ်ကုန်သည်။ သခင်ယေရှု၏ခြေအစုံပေါ်တွင်ပင်မျက်ရည်များသွန်ကျလာကာငိုကြွေးလိုက်မိတော့သည်။ သူမ၏နှလုံးသားအတွင်းမှလေးလံစွာဖိစီးနေသောဝန်ထုပ်ဝန်ပိုးများအကြောင်းသခင်ခရစ်တော်ကိုပြောပြနိုင်မည့် ကော်ဇောခေါင်းရင်းပိုင်းသို့ပင်မရောက်လိုက်ရတော့ပါ။ ရှုတ်ချည်းပင် ဘာတခုမှမပြောနိုင်၊ မလုပ်နိုင်တော့ဘဲ၊ ပြင်းထန်စွာငိုကြွေးလိုက်မိတော့သည်–စိတ်ဝိညာဉ်ထဲမှထွက်လာသောရှိုက်ကြီးတငင်ငိုကြွေးခြင်း၊ မျက်ရည်တသွင်သွင်စီးဆင်းသည့်ငိုကြွေးခြင်း၊ ညစ်ညမ်းလှသော၊အရှက်ကင်းမဲ့သောအပြစ်တို့ဖြင့် အချည်းနှီးရှင်သန်ခဲ့သောဘဝအတွက်ငိုကြွေးခြင်း၊ ထို့အတူ ကောင်းကင်နှင့်မြေကြီးတို့၏အရှင်ဘုရားသခင်အား ဆန့်ကျင်ကျူးလွန်ခဲ့သောအပြစ်များအတွက်ငိုကြွေးခြင်း–ပင်ဖြစ်ပါ၏။

ထို့မျှသာလုပ်နိုင်စွမ်းရှိတော့၏။

### ယုံကြည်ခြင်းနှင့်ခွင့်လွှတ်ခြင်း

ယခုအချိန်တွင် ထိုလင်ငယ်နေသောမိန်းမသည် (သခင်ခရစ်တော်ထံပါးသို့ ယုံကြည်ခြင်းအားဖြင့်ချဉ်းကပ်လာခြင်းဖြစ်သည်)–ဆိုသောအချက်ကို အချိန်နည်းနည်းပေး၍ဆွေးနွေးဖို့သင့်တော်သောအချိန်ဖြစ်နိုင်သည်။ ဤအ

ချက်သည် ဤအဖြစ်အပျက်၏အဓိကအကြောင်းအရာမဟုတ်ပါ၊ ထို့အတူ ကျွန်တော်တို့လေ့လာနေသောပုံဥပမာနှင့် တိုက်ရိုက်ပတ်သက်မှုမရှိပါ။ သို့သော် ဤအချက်သည်သခင်ခရစ်တော်ကိုယ်တိုင်က သူနှင့်ဖါရိရှဲတို့၏စကားဝိုင်းထဲ သို့ ထည့်သွင်းလိုက်သောအကြောင်းအရာတခုဖြစ်သည်၊ ထို့အတူ ထိုမိန်းမကိုသူ့ခြေတော်ရင်းသို့ မည်သည့်အရာက ခေါ်ဆောင်လာသနည်းဆိုသည်ကို ကျွန်တော်တို့နားလည်နိုင်ဖို့အထောက်အကူပေးပါသည်။ ကျွန်တော် သခင်ဘုရား ၏နှုတ်ထွက်စကားကို အကိုးအကားပြု၍ဤသို့ပြောခြင်းဖြစ်သည်–"သင်၏ယုံကြည်ခြင်းကသင့်ကိုကယ်တင်ပြီ၊ ငြိမ်း ချမ်းစွာသွားပါလော့" (လု ၇း၅၀)။

ဤအမျိုးသမီး သူတပါး၏စားသောက်ပွဲကျင်းပရာနေရာသို့ဝင်လာပြီး၊ သခင်ယေရှု၏ခြေတော်ရင်း၌လဲကျ သွားရခြင်းအကြောင်းကို ကျွန်တော်တို့မည်သို့ရှင်းပြကြမည်နည်း? အဆုံးတွင်တော့ ဤသို့လုပ်ဆောင်နိုင်ဖို့ရန် အ တော်ကြီးကြိုးစားအားထုတ်မှုပါဝင်ရမည်မှာကျိန်းသေသည်။ အမျိုးသမီးသည် ပထမဆုံး–သခင်ဘုရားကိုသွားတွေ့ဖို့ ဆုံးဖြတ်ချက်ချရမည်၊ ထိုနေရာသို့သွားဖို့ပြင်ဆင်မှုတွေလုပ်ရမည်၊ ထို့နောက် သူမ–လိုလူတယောက်အတွက် ရဲတင်း လွန်းရာရောက်သောကိစ္စကိုလုပ်ဆောင်ဖို့ သတ္တိမွေးရမည်–ဖြစ်သည်။

ထို့နောက် သူမနှင့်လမ်းသွားရင်းဆုံမိတိုင်း သူမကိုရွံရှာစက်ဆုပ်ကြောင်းပြသဖို့မပျက်ကွက်တတ်သော ဖါရိရှဲတဦး၏အိမ်သို့ ဝင်သွားရဦးမည်။ သူမသည်–တံခါးစောင့်ကိုကျော်ဝင်သွားရန်၊ စားသောက်ပွဲခန်းမကိုရှာဖွေ ရန်၊–သူမ ကိုယ်သူမ–တွန်းသွားရဦးမည်၊ မယုံနိုင်သောမျက်လုံးများဖြင့်ဝိုင်းကြည့်နေကြမည့် လူပရိသတ်၏အကြည့် ဒဏ်ကို ခံရဲအောင်သတ္တိမွေးရဦးမည်။ သခင်ယေရှုလဲလျောင်းရာနေရာသို့အသွားတွင် ဆိုင်းမွှန်းနှင့်သူ့ညှော်သည်များ ၏အလိုမကျ သောကဲ့ရဲ့မြည်တွန်သံများကို ကြံ့ကြံ့ခံရင်ဆိုင်ရဦးမည်။

သို့သော်လည်း၊ သူမအတွက်အခက်ခဲဆုံးဖြစ်နိုင်သည်မှာ သူမကိုယ်သူမ–လုံးဝထိုက်တန်ခြင်းမရှိသူဟုထင် မြင်နေမှုနှင့် အကယ်၍သခင်ယေရှုအပါးသူမ–ရောက်သွားခဲ့လျှင် သူမ–ကိုလက်ခံချင်စိတ်ရှိပါ့မလားဟူသော လေး နက်ပြင်းထန်၍တအုံ့နွေးနွေးဖြစ်စေသောသံသယစိတ်–တို့ကိုရင်ဆိုင်ရခြင်းဒုက္ခဖြစ်ပေမည်။ အကယ်၍သခင်ဘုရားက အေးစက်စွာဖြင့်သူ့ကိုလာမနှောက်ယှက်ပါနှင့်ဟုပြောလာလျှင်ဘယ်လိုလုပ်မည်နည်း? သူ မ–ရှိနေခြင်းကြောင့်စက်ဆုပ်ရွံရှာစွာဖြင့်နောက်တွန့်သွားလျှင်ဘယ်လိုလုပ်မည်နည်း? သခင်ဘုရားကဲ့သို့အလွန်သန့်ရှင်း၍ အပြစ်အားလုံး၏ အပေါ်တွင်ရှိနေသောသူက သူမ၏ဆိုးဝါးလှသောဘဝကို မည်သို့နားလည်နိုင်မည်နည်း?

ဤပြည့်တန်ဆာမအား အတားအဆီးမှန်သမျှကိုကျော်လွှားသွားစေသောအရာမှာ ယုံကြည်ခြင်းဖြစ်သည်။ သူမသည် ယုံကြည်ခြင်းအသုံးပြုခြင်းအကြောင်းအနည်းငယ်မျှပင်သိလိမ့်မည်ဟု ကျွန်တော်မထင်ပါ။ သို့သော် ယုံ ကြည်ခြင်းသည် ဘုရားသခင်၏ဆုလက်ဆောင်ဖြစ်သည်။ ယုံကြည်ခြင်းသည် ဝိညာဉ်တော်၏လုပ်ဆောင်မှုအားဖြင့် ဝင်ရောက်လာခြင်းဖြစ်သည်။ ဝိညာဉ်တော်သည် နောင်တရခြင်းနှင့် အသက်တာပြောင်းလဲခြင်းသို့ သူကခေါ်ဆောင် လာသောသူတိုင်း၏နှလုံးသားထဲတွင်ယုံကြည်ခြင်းကိုထည့်သွင်းပေးနေပါ၏။ ထို့အတူ ယုံကြည်ခြင်းသည် လျှို့ဝှက် နက်နဲသော၊ အံ့သြဘွယ်ရာကောင်းသောနည်းလမ်းအားဖြင့် အလုပ်လုပ်ပါ၏။

မှန်ပါသည် ယုံကြည်ခြင်းသည် တစုံတရာကိုယုံကြည်သည်။ ယုံကြည်ခြင်းသည်မျက်ကန်းမဟုတ်ပါ။ ၄င်း သည် အသိပညာတစုံတရာအပေါ်တွင်အခြေတည်၍လှုပ်ရှားပြုမူပါသည်။ ထိုမိန်းမသည်လည်းထိုနည်း၄င်းပင်ဖြစ် ၏။ သခင်ဘုရား၏သာသနာတော်အကြောင်း သူမ–မည်မျှသိနားလည်နေသနည်း၊ ကျွန်တော်တို့မခန့်မှန်းနိုင်ပါ။ သို့သော် သူမသည်တစုံတခုကိုသိနားလည်နေပြီး၊ ထိုအသိအပေါ်တွင်အခြေတည်၍လှုပ်ရှားပြုမူလိုက်ခြင်းပင်ဖြစ်၏။ အကယ်၍သူမအတွက် (ခွင့်လွှတ်ခြင်းနှင့်အပြစ်မှကယ်ဆယ်ခြင်း) ရရှိနိုင်မည်ဆိုပါလျှင်၊ သခင်ခရစ်တော်တပါး တည်းသာလျှင်သူမ၏ တခုတည်းသောမျှော်လင့်ခြင်းဖြစ်တော့သည်။ သူမသည် အကယ်၍သာသူမ၏အပြစ်များကို သခင်ဘု ရားကခွင့်လွှတ်ဖို့ငြင်းဆန်ခဲ့ပါလျှင်၊ ဒီတသက်ခွင့်လွှတ်ခြင်းခံရဖို့လုံးဝမဖြစ်နိုင်တော့ပါ–ဆိုသည်ကို တနည်း နည်းဖြင့်သိမြင်နေခဲ့ပါ၏။ သို့သော် အကယ်၍သာ ကောင်းကင်နိုင်ငံတော်၏ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းကို ဟောပြောနေသော ဤပုဂ္ဂိုလ်ကသူမ၏အပြစ်ကိုခွင့်လွှတ်ခဲ့ပါလျှင်၊ ထိုခွင့်လွှတ်ခြင်းသည်အစစ်အမှန်သာဖြစ်ရမည်။ သူမ၏အပြစ်များ အားလုံးကင်းစင်သွားလိမ့်မည်။ ထိုအရာများက သူမကိုဆန့်ကျင်၍တရားစီရင်ခြင်းခံရတော့မည် မဟုတ်ပါ။

ထိုသို့သောအသိပညာက သူမကိုသခင်ခရစ်တော်ထံသို့မောင်းနှင်လာခြင်းဖြစ်တော့သည်။ သူမသည်အ တွင်းထဲမှနေ၍ စွန်အားကြီးစွာမောင်းနှင်ခြင်းခံခဲ့ရပါ၏။ သူမသွားမှဖြစ်မည်။ ထိုမှတပါးအခြားလုပ်စရာဘာမျှမရှိ

တော့။ အဟာန့်အတားဖြစ်လာသမျှကိုဘေးသို့တွန်းဖယ်ပစ်ရမည်။ သူမရှင်သန်ခဲ့သောဘဝထဲမှာလုံးဝဆက်လက်မရှင်သန်နိုင်တော့ပြီ။ သခင့်ထံမှတပါး မည်သည့်အရပ်သို့ သွားရန်ရှိပါမည်နည်း?

ရှင်ယောဟန်ခရစ်ဝင်(၆း၄၄)တွင် ဘုရားသခင်ကိုယ်တော်တိုင်ဆွဲမခေါ်ဘဲနှင့် မည်သူမျှသခင်ခရစ်တော်ထံသို့မလာနိုင်ကြောင်း ကျွန်တော်တို့အားပြောပြထားသည်။ သို့သော်လည်း ဘုရားသခင်သည် စက်ကရိယာတခုကဲ့သို့ဆွဲခေါ်ခြင်းမဟုတ်ပါ၊ စက်ရုပ်တခုအားအမိန့်ပေးသကဲ့သို့မဟုတ်ပါ။ ထိုသို့မဟုတ်ဘဲ ဘုရားသခင်သည် အံ့ဩဘွယ်ကောင်းစွာ၊ တန်ခိုးကြီးစွာ၊ ခုခံတားဆီး၍မရနိုင်စွာ၊ လျှို့ဝှက်နက်နဲစွာ–သို့သော် ကျွန်တော်တို့မှုရင်းပျောက်မသွားရလေအောင် ခေါ်တော်မူခြင်းဖြစ်သည်။ ထို့အတူ ကျွန်တော်တို့ဘုရားသခင်ထံသို့လာရောက်ကြသည်၊အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့လာကိုလာရမည်၊ ထိုသို့လုပ်ရန်မှတပါး အခြားမည်သူ့ထံသို့မှသွားစရာမရှိသောကြောင့်ဖြစ်သည်။ ကျွန်တော်တို့လာရောက်ကြသည် အဘယ့်ကြောင့်ဆိုသော် ကျွန်တော်တို့လာချင်စိတ်ရှိသောကြောင့်၊ ဤဆိုးညစ်လှသောအပြစ်၏ချည်နှောင်ခြင်းမှ သခင်ခရစ်တော်တပါးတည်းသာကယ်လွှတ်ပေးနိုင်သောကြောင့်ဖြစ်သည်။

ထို့နည်းတူစွာပင် ပြည့်တန်ဆာမသည်လည်း ယုံကြည်ခြင်းအားဖြင့်လာရောက်ခဲ့ခြင်းဖြစ်သည်။ ကြောက်ရွံ့ခြင်း၊ ချီတုံချတုံဖြစ်ခြင်း၊ မေးခွန်းထုတ်ခြင်း–တို့ရောယှက်နေသောယုံကြည်ခြင်းဖြစ်ကောင်းဖြစ်နိုင်သည်။ သို့သော်လည်း ထိုအရာအားလုံးအပေါ်တွင်ရှိနေသည်မှာယုံကြည်ခြင်းဖြစ်၍၊ ထိုယုံကြည်ခြင်းကပင် သူမ၏ခွင့်လွှတ်ခြင်းနှင့်လွတ်ငြိမ်းချမ်းသာခြင်းကိုရယူပေးလိုက်ခြင်းဖြစ်၏။

## ချစ်ခြင်းမေတ္တာနှင့် ခွင့်လွှတ်ခြင်း တို့အကြောင်း

ဆိုင်းမွန်းနှင့် လင်ငယ်နေသောမိန်းမတို့က ထုတ်ဖေါ်ပေးလိုက်သောကွဲပြားခြားနားမှုသည် မည်မျှစူးရှလိုက်ပါသနည်း! ဟုတ်မှန်လှပါ၏၊ ကွဲပြားခြားနားမှုသည် ပို၍ပင်စူးရှလာသေးသည်၊ အဘယ့်ကြောင့်ဆိုသော် ဆိုင်းမွန်းက (ဧည့်ဝတ်ကျေပြွန်ခြင်းထဲတွင်ပါဝင်သော) ပုံမှန်လုပ်နေကျခြေလက်ဆေးစရာကလေးကိုပင် သခင်ခရစ်တော်အားပေးဖို့ တမင်သက်သက်ငြင်းဆန်လိုက်သောကြောင့်ဖြစ်သည်။ ထိုမိန်းမကတော့ ထိုသို့လုပ်ပေးမှန်းမသိဘဲနှင့်လုပ်လိုက်သောအပြုအမူများက ဆိုင်းမွန်းတမင်မပေးဘဲထားသောအရာမှန်သမျှကို လုပ်ဆောင်ပေးပြီးဖြစ်သွားစေသည်။

သူမ၏အပြစ်များအတွက် ဝမ်းနည်းကြေကွဲရမှုကကြီးမားပြင်းထန်လွန်းလှသောကြောင့် သခင်ယေရှု၏ခြေတော်ရင်းမှာဒူးထောက်ကျသွားရကာ၊ ထိန်းသိမ်း၍မရအောင်ရင်ပွင့်မတတ်ငိုကြွေးလိုက်တော့သည်။ သူမ၏မျက်ရည်စက်များ သခင်ဘုရား၏ခြေတော်အစုံပေါ်သို့ကျဆင်းကုန်ကြောင်းကို သူမအလန့်တကြားတွေ့မြင်လိုက်ရသောအခါတွင် သူမ၏လွင့်မျောနေသောဆံနွယ်ခွေများဖြင့်ကမန်းကတန်းပွတ်သပ်သုတ်သင်ပေးပြန်၏။ သို့သော်လည်း ဤသို့မစဉ်းမစားလုပ်လိုက်သောလုပ်ရပ်များက သခင်ဘုရား၏အပေါ်သူမ၏သဘောထားကိုအပြည့်အဝမဖေါ်ပြနိုင်သေးပါ။

သခင်ယေရှုကသူမ၏အပြုအမူအားလုံးကို သူ့အားသခင်အဖြစ်ချစ်မြတ်နိုးကြောင်းဖေါ်ပြသောလုပ်ရပ်အဖြစ် သတ်မှတ်လိုက်၏။ ဆိုင်းမွန်းက သာမန်လုပ်နေကျဧည့်ဝတ်ကျေပြွန်ခြင်းလုပ်ရပ်များကို သခင်ခရစ်တော်အားလုပ်ဆောင်ပေးရန်ငြင်းဆန်လိုက်ခြင်းဖြင့် သခင်ဘုရားအားမချစ်ကြောင်းပြသလိုက်သကဲ့သို့ဖြစ်၏။

ဤသည်ပင် ဤပုံဥပမာကသရုပ်ဖေါ်ပေးနေသော (ခွင့်လွှတ်ခြင်းအတွက်ဆက်နွယ်ပတ်သက်မှုနှင့် အဓိကအချက်)ဖြစ်သည်။

ဆိုင်းမွန်းက သခင်ဘုရားသည် ဤသို့သောညစ်ညမ်းသည့်မိန်းမကသူ့ကိုတို့ထိဖို့ခွင့်ပြုနေကထဲက၊ ပရောဖက်တပါးမဖြစ်နိုင်တော့ပြီ–ဟုအလေးအနက်တွေးတောနေသည်။ သို့သော်သူ၏အတွေးရေယာဉ်ကြောကို သခင်ဘုရား၏ –“ဆိုင်းမွန်း၊ သင့်အားငါပြောစရာရှိသည်”(၇း၄၀)–ဟူသောဩဇာအာဏာအပြည့်ဖြင့်၊ ရုတ်တရက်မိန့်ကြားသံက ဖြတ်တောက်ပေးလိုက်သည်။ ဆိုင်းမွန်းက သခင်ဘုရားပြောမည့်စကားကို နားထောင်ဖို့သဘောတူလိုက်သည်။

သခင်ယေရှုက–ကြွေးရှင်တဦးထံတွင်အကြွေးတင်နေသောသူ(၂)ဦးသည် သူတို့အကြွေးများကိုလျှော်ပစ်ခြင်းခံစားကြရသည်။ သို့သော်လည်း အကြွေးတင်သူတဦး၏အကြွေးပမာဏသည်အတော်လေးကြီးမားသည်၊ နောက်တဦးကတော့နှိုင်းယှဉ်ကြည့်လျှင် အတော်သေးငယ်သည့်အကြွေးပမာဏသာတင်ရှိနေသည်–ဟုပြောပြသည်။ ထို့နောက် သခင်ယေရှုကဆိုင်းမွန်းအား –သင့်အထင်အမြင်အားဖြင့်မည်သူကကြွေးရှင်အားပို၍ချစ်မည်နည်း၊ အများကြီးကြွေးတင်သူလော၊ သို့မဟုတ် နည်းနည်းသာကြွေးတင်သူလော?–ဟုမေးမြန်းလိုက်တော့သည်။

အဖြေကတော့ထင်ရှားလှပါသည်။ လျှော်ပစ်ခြင်းခံရသောအကြွေးပမာဏကြီးလေလေ၊ စိတ်ဝိညာဉ်ထဲမှာပြည့်လျှံလာသောချစ်ခြင်းမေတ္တာပိုကြီးလေလေပင်ဖြစ်၏။ ထို့နောက်မှာတော့ တုန်လှုပ်ခြောက်ခြားသွားစေသည့်လက်တွေ့ကျင့်သုံးခြင်း...“သခင်ဘုရားကအမျိုးသမီးဖက်လှည့်ကြည့်ရင်း ဆိုင်းမွန်းကိုပြောလိုက်သည် မှာ–“ဤမိန်းမကို သင်တွေ့သလော? ငါသည် သင်၏အိမ်ထဲသို့ဝင်လာသောအခါတွင် သင်ကငါ့ခြေကိုဆေးဖို့ရေမပေးခဲ့ပါ၊ သို့

သော် သူမကတော့ သူမ၏မျက်ရည်ဖြင့်ငါ့ခြေကိုဆေးပေးသည်၊ သူမ၏ခေါင်းပေါ်မှဆံပင်ဖြင့်သုတ်သင်ပေးသည်။ သင်ကငါ့ကိုအနမ်းဖြင့်မကြိုဆိုခဲ့ပါ၊ သို့သော် သူမကတော့ ငါဒီအိမ်ထဲကိုဝင်လာကထဲက ငါ့ခြေကိုမနားတမ်းနမ်းရှုံ့နေခဲ့ပြီ။ သင်ကငါ့ခေါင်းကိုဆီရိုးရိုးဖြင့်ပင်မလိမ်းကျံပေးခဲ့ပါ၊ သို့သော် သူမကတော့ ငါ့ခြေအစုံကိုနံ့သာဆီ မွှေးဖြင့်လိမ်းကျံပေးနေသည်။ ထိုအကြောင်းကြောင့်ပင် သင့်ကိုငါပြောမည်၊ သူမ၏ကြီးမားသောအပြစ်များသည်ခွင့် လွှတ်ခြင်းခံရပြီ၊ အဘယ့်ကြောင့်ဆိုသော် သူမသည်အလွန်ချစ်တတ်သောကြောင့်ဖြစ်သည်။ သို့သော်လည်း အနည်းငယ်သာခွင့်လွှတ်ခြင်းခံရသူသည်၊ ထိုနည်းတူအနည်းငယ်သာချစ်တတ်သည်”–ဟုမိန့်တော်မူလိုက်တော့သည်။”(၇း၄၄–၄၇)–ဆိုင်းမွန်းသည်လုံးဝချစ်ကြောင်းမပြခဲ့ပါ။ အဘယ့်ကြောင့်နည်း? ရှင်းလှပါသည်၊ သူ့ထံ၌ခွင့်လွှတ်ခြင်းခံစရာအပြစ်မှမရှိဘဲကိုး။

အကယ်၍သာ စားသောက်နေကြစဉ်မှာ သခင်ဘုရားကဆိုင်းမွန်းကို–“ဆိုင်းမွန်း၊ သင်၏အပြစ်များကိုခွင့်လွှတ်ခြင်းခံလိုက်ရပြီ”–ဟုပြောလိုက်မည်ဆိုပါက၊ ဆိုင်းမွန်းသည်အံ့သြနားမလည်နိုင်စွာမော်၍ကြည့်ကာ သခင်ဘုရားအား သူ့ထံ၌ခွင့်လွှတ်ခြင်းလိုအပ်သောအပြစ်ဆိုတာလုံးဝမရှိပါ–ဟုအာမခံပြောကြားလိုက်မည်သာဖြစ်သည်။ အဆုံးတော့လဲ၊ သူသည်(သူ့အထင်အားဖြင့်)ပညတ်တရားကိုစောင့်ထိန်းသည်မဟုတ်ပါလော?

သို့သော်ထိုအမျိုးသမီးကတော့ တမျိုးတမည်ခြားနားနေ၏။ သူမ၏အကြွေးသည် ရောမအကြွေးဖြစ်၏။ ထို့ကြောင့်လဲ ယခုသခင်ဘုရားအတွက် သူမ၏ကြီးမားသောချစ်ခြင်းမေတ္တာကိုထုတ်ဖေါ်ပြသနေပါ၏။

သို့သော်ဤနေရာတွင်ပြဿနာတခုပေါ်ထွက်လာပါပြီ။ သခင်ဘုရားသည် ပုံဥပမာကိုလက်တွေ့အသုံးချလိုက်ခြင်းဖြင့် သူ့ကိုယ်သူဆန့်ကျင်နေသယောင်ဖြစ်သွားသည်။ သူကပထမဦးဆုံး–“ သူမ၏ကြီးမားသောအပြစ်များသည်ခွင့်လွှတ်ခြင်းခံရပြီ၊ အဘယ့်ကြောင့်ဆိုသော် သူမသည်အလွန်ချစ်တတ်သောကြောင့်ဖြစ်သည်။”–ဟုမိန့်ကြားလိုက်သည်။ ဆိုလိုသည်မှာ၊ သူမသည်ယခုအခါအပြစ်မှခွင့်လွှတ်ခြင်းခံလိုက်ရပြီ၊ အဘယ့်ကြောင့်ဆိုသော် သူမ သည်–(သခင်ဘုရား၏ခြေအားမျက်ရည်ဖြင့်ဆေးကြောပေးခြင်း၊ သူမ၏ဆံပင်ဖြင့်သုတ်သင်ပေးခြင်း၊ သခင့်ခြေအစုံ ကိုနမ်းရှုံ့ခြင်း၊ သခင်ဘုရားအားနံ့သာဆီမွှေးဖြင့်လိမ်းကျံပေးခြင်း)–စသောလုပ်ဆောင်မှုများအားဖြင့် သခင်ဘုရားအပေါ်ထားရှိသောသူမ၏ကြီးမားသည့်မေတ္တာကိုဖေါ်ပြလိုက်သောကြောင့်ဖြစ်သည်–ဟုဆိုလိုရာရောက်သွားသည်။

သို့သော်လည်း သခင်ဘုရားက–“ အနည်းငယ်သာခွင့်လွှတ်ခြင်းခံရသူသည်၊ ထိုနည်းတူအနည်းငယ်သာချစ်တတ်သည်”(၇း၄၇)–ဟုမိန့်တော်မူလိုက်ပြန်သည်။ ဆိုလိုသည်မှာ၊ လူတဦးထံတွင်ရှိသော သခင်ဘုရားအားချစ်တတ်ခြင်းသည် သူခွင့်လွှတ်ခြင်းခံရကြောင်းသိနားလည်၍ သိကြောင်းကိုထုတ်ဖေါ်ပြသခြင်းဖြစ်သည်–ဟုဆိုလိုရာရောက်သည်။ အမှန်တကယ်လဲ (ခွင့်လွှတ်ခံရခြင်း၏အထိမ်းအမှတ်)အမှန်အကန်ဖြစ်၏။ ထိုအကြောင်းသည် ပုံဥပမာ၏ အဓိကအချက်လဲဖြစ်သည်။ ကျွန်တော်တို့၏အပြစ်များကို–ပြည့်ဝစွာ၊လွတ်လပ်စွာ၊ကောင်းမြတ်စွာ–ခွင့်လွှတ်ပေးလိုက် ပြီ၊ ကျွန်တော်တို့သည် သခင်ဘုရားနှင့်သူ၏လုပ်ဆောင်ချက်ကြောင့် ဘုရားသခင်၏ရှေ့တွင်ဖြောင့်မတ်သူများ ဖြစ်သွားကြပြီ– ဟုကျွန်တော်တို့သိလိုက်ရသောအခါတွင် ကျွန်တော်တို့၏စိတ်နှလုံးထဲတွင် ကျေးဇူးတင်စိတ်နှင့်မေတ္တာစိတ်တို့ဖြင့်ပေါက်ကွဲသွားသလိုခံစားကြရသည်မဟုတ်ပါလား။ အခြားနည်းလမ်းမည်သို့ရှိနိုင်မည်နည်း?

သို့သော် ဆန့်ကျင်ဖက်ဖြစ်သောအကြောင်းအရာသည်လည်း မှန်ကန်နေသေးသည်။ သခင်ခရစ်တော်အားချစ်ကြောင်းမပြသောသူတဦးသည် ခွင့်လွှတ်ခြင်းဘယ်တုန်းကမှမခံစားဖူးသောသူသာဖြစ်၏။ သူသည် ခွင့်လွှတ်ခြင်းခံရဖို့လည်းမလိုချင်ပါ။ ရှာလည်းမရှာပါ။ သူသည် ခွင့်လွှတ်ခြင်းအတွင်း၌ထင်ရှားပေါ်လွင်လာသောသခင်ခရစ်တော်၏ကျေးဇူးတော်အကြောင်းလဲဘာမှမသိသောသူဖြစ်၏။

သို့သော် ဤအကြောင်းအရာသည် ဇာတ်လမ်းတခုလုံးမဟုတ်သေးပါ။ သခင်ခရစ်တော်က ဤလင်ငယ်နေသောမိန်းမသည် ခွင့်လွှတ်ခြင်းခံစားရသည်၊ အဘယ့်ကြောင့်ဆိုသော် သူမအလွန်ချစ်တတ်သောကြောင့်ဖြစ်သည်–ဟုမိန့်ကြားခဲ့သည်။ ဘယ်အရာသည်အရင်ကျပါသနည်း–ချစ်ခြင်းမေတ္တာလော၊ ခွင့်လွှတ်ခြင်းလော? ဖေါ်ပြချက်(၂)ခုသည်အချင်းချင်းဆန့်ကျင်နေကြသယောင်ဖြစ်နေသည်။

ပြဿနာကိုပို၍လေးနက်စေသည်က ဖြစ်စဉ်တခုလုံးကိုကြည့်လျှင် သခင်ဘုရားကိုယ်တိုင်က လင်ငယ်နေသောမိန်းမကို–“သင့်အပြစ်များခွင့်လွှတ်ခြင်းခံရပြီ”(၇း၄၈)–ဟုမပြောသေးခင်အထိ ထိုမိန်းမသည် ခွင့်လွှတ်ခြင်းအာမခံချက်မရရှိသေးပုံပေါက်နေသောကြောင့်ဖြစ်သည်။ ထို့ကြောင့်၊ သူမ၏မေတ္တာသည် ခွင့်လွှတ်ခြင်းအာမခံချက် ၏အရင်ကျသယောင်ဖြစ်နေတော့သည်။

## ယုံကြည်ခြင်းနှင့် မေတ္တာတရား

ဤကိစ္စကိုကျွန်တော်တို့နားလည်နိုင်ဖို့အတွက် သန့်ရှင်းသောဝိညာဉ်တော်၏ (သူကယ်တင်လိုက်သောသူတို့ ၏ နှလုံးသားထဲတွင်)အလုပ်လုပ်ပုံကို ကျွန်တော်တို့နားလည်ထားရမည်။ ၄င်းသည် လျှို့ဝှက်နက်နဲ၍ ကောင်းမြတ် လှသည်။ ကျွန်တော်တို့၏အပြစ်များအတွက်နောင်တရ၍ သခင်ခရစ်တော်ထံသို့ခွင့်လွှတ်ခြင်းခံစားရဖို့ရန် ကျွန်တော် တို့ တိုးဝင်ချည်းကပ်ကြချိန်တွင် ဝိညာဉ်တော်၏ လုပ်ဆောင်ချက်၏ရောင်ပြန်ဟပ်ခြင်းကို ကျွန်တော်တို့အသက်တာ များထဲတွင်တွေ့မြင်ကြရသည်။

ကျွန်တော်တို့သည် ငိုကြွေးနေသော၊ဝိညာဉ်ရေးရာသွေးရူးသွေးတမ်းဖြစ်နေသော အမျိုးသမီးတဦး သခင်ခရစ်တော်ထံသို့လာရောက်သောအမှုတွင်အတူတကွလိုက်ပါသွားဖို့ ကြိုးစားကြပါစို့။

(ပထမဦးဆုံး)-ကျွန်တော်တို့သတိပြုမိပြီးကြသလိုပင် ဝိညာဉ်တော်ကသူမ၏နှလုံးသားထဲတွင် သူမ၏အပြစ်ကိုသတိပြုမိသောသိစိတ်နှင့် ထိုအပြစ်အတွက်ကြီးမားစွာဝမ်းနည်းပူဆွေးစိတ်တို့ကိုဖြစ်ပေါ်စေခဲ့ပြီးဖြစ်၏။ ထိုဝမ်းနည်းစိတ်သည် ဘုရားသခင်၏ရှေ့တော်မှောက်တွင်သူမဘယ်လိုလူစားမျိုးဖြစ်နေသနည်းဆိုသည်ကိုစစ်မှန်စွာသိမြင်မိသောအချိန်မှစ၍ဖြစ်ပေါ်လာပြီးဖြစ်၏၊ သို့သော် သခင်ခရစ်တော်ကိုယ်တိုင်ကိုသူမတွေ့မြင်လိုက်ရသောအချိန်တွင်မူ ထိုဝမ်းနည်းစိတ်သည် အနက်ရှိုင်းဆုံးသောနာကျင်မှုဖြင့်ပေါက်ကွဲပွင့်ထွက်လာတော့သည်။ သူမအထူးတလည်ပြင်ဆင်ထားသည့်ပြောစရာစကားများလဲဘယ်ရောက်ကုန်မှန်းမသိတော့၊ သူမရှက်ရွံ့စွာငိုကြွေးဖို့သာ တတ်နိုင်ပါတော့သည်။

သူမကိုသခင်ခရစ်တော်ထံသို့မောင်းနှင်လာပေးသည်မှာယုံကြည်စိတ်ပင်ဖြစ်သည်။ သခင်ဘုရားကိုယ်တိုင် ကထိုသို့ပြောခဲ့ပြီးဖြစ်သည်။ ပျောက်ဆုံးသောသူကိုရှာဖွေဖို့၊ ကယ်တင်ဖို့-အတွက် ကြွလာတော်မူသောသူထံတွင် သာကယ်တင်ခြင်းကို ရရှိနိုင်သည်ဟုယုံကြည်စေနိုင်သည့်အရာမှာ ယုံကြည်စိတ်သာဖြစ်ပါ၏။ ထိုယုံကြည်စိတ်က- သခင်ခရစ်တော်သည် ဘုရားသခင်၏ထာဝရသားတော်ဖြစ်သည်၊ အသွေးအသားဖြင့်ထင်ရှားလာသောဘုရားသခင်ကိုယ်တိုင်ဖြစ်သည်၊ (‘နိုင်စင်းယုံကြည်ချက်’ထဲမှအံ့သြဖွယ်ရာအသုံးအနှုန်းကိုငှားရမ်း၍ပြောရလျှင်)ဘုရားစစ်စစ်ဖြစ်လာသောဘုရားစစ်စစ်ဖြစ်သည်-ဟုယုံကြည်ထားမည်မှာအသေအချာပင်ဖြစ်၏။ ထိုအချက်များမရှိမဖြစ်လိုအပ်သည်၊ အဘယ့်ကြောင့်ဆိုသော် သူမ၏အပြစ်များသည်ဘုရားသခင်အားဆန့်ကျင်ကျူးလွန်ထားခြင်းဖြစ်လေရာ၊ဘုရားသခင်တပါးတည်းကသာလျှင်ခွင့်လွှတ်နိုင်စွမ်းရှိသောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ဖန်ဆင်းရှင်ဘုရားသခင်ဖြစ်သည်။ အမှန်စင်စစ် စားသောက်ပွဲလာဧည့်သည်တော်များက-“အပြစ်တွေကိုတောင်ခွင့်လွှတ်နိုင်ရအောင် သူကဘယ်လိုလူမို့လို့လဲ?”-ဟုပွစိပွစိရေရွတ်နေကြခြင်းဖြင့် ထိုအချက်ကိုအတည်ပြုပေးပြီးသားဖြစ်နေပြီဖြစ်၏။ သူတို့ကတော့မထောက်ခံချင်သောစိတ်ဖြင့်ရေရွတ်နေကြခြင်းဖြစ်သော်လည်း၊ ထိုလုပ်ရပ်က သခင်ယေရှုသည်ကျွန်တော်တို့နှင့်အတူရှိသောဘုရားသခင်ဖြစ်ကြောင်းသက်သေပြခြင်းဖြစ်နေ၏။

ထိုအမျိုးသမီးကိုသခင်ခရစ်တော်ထံသို့မောင်းနှင်ပေးလိုက်သောယုံကြည်စိတ်ထဲတွင် ချစ်ခြင်းမေတ္တာလဲပါဝင်ပြီးသားဖြစ်၏။ သူမ၏ယုံကြည်စိတ်သည် သခင်ခရစ်တော်၏နက်နဲသောအမှန်တရားများကို သူမအတွက်မှန်ကန်စွာသိနားလည်စေသည်အထိမစွမ်းဆောင်နိုင်သေးကြောင်းကိုတော့ သံသယရှိစရာမလိုပါ။ သူမ၏ယုံကြည်စိတ်သည် “အပြစ်သားများကိုကယ်တင်ပေးရန်ကြွလာတော်မူသောသူကိုယ်တိုင်ကကျမကိုကယ်တင်လိုက်ခြင်းဖြစ်သည်”-ဟု ရဲ ရင့်စွာထုတ်ဖေါ်ပြောဆိုနိုင်သည်အထိမစွမ်းသေးပါ။ သူမ၏ယုံကြည်ခြင်းသည်ထိုအဆင့်မျိုးမဖြစ်နိုင်သေးပါ၊ အဘယ့် ကြောင့်ဆိုသော် သူမ၏မျက်ရည်မိုးရွာသွန်းခြင်းပမာဏများပြားလွန်းသောကြောင့်ဖြစ်သည်။ သူမ၏အပြစ်များ ကြီး လေးလွန်းလှသည်ဖြစ်ရာလူတွေအားလုံးထဲမှာမှသူမကိုရွေး၍အပြစ်ခွင့်လွှတ်ပေးဖို့ဆိုသည်မှာ အလွန့်အလွန်မဖြစ်နိုင်သောကိစ္စကြီးဖြစ်နေသည်ဟု သူမနှလုံးသားထဲတွင်ထင်မြင်နေသောကြောင့်ဖြစ်သည်။

ထိုမျှသာမကသေးဘဲ၊ သူမ၏ချိတုံ့ချတုံ့မဝံ့မရဲဖြစ်နေသောအခြေအနေထဲမှနေ၍ သခင်ခရစ်တော်ရှေ့မှောက်သို့သူမကိုယ်သူမခေါ်ဆောင်လာနိုင်စွမ်းသော သူမ၏ယုံကြည်စိတ်သည် ချစ်ခြင်းမေတ္တာပြခြင်းထဲတွင်ထင်ရှားစေလျက်ရှိ၏။ သူမကသခင်ဘုရားကိုချစ်လှကြောင်း သက်သေထင်ရှားနေပါ၏။ အကယ်၍သူမ၏မျက်ရည်များ သည်ချစ်ခြင်းမေတ္တာ၏သက်သေမဟုတ်သေးလျှင်သော်မှ၊ သူမ၏အနမ်းများကသက်သေထူနေပါ၏။ ထို့နောက်တွင်သခင့်(ညစ်ပေသော)ခြေတော်အစုံအပေါ်သွန်းလောင်းလိုက်သောနံ့သာဆီမွှေးကသူမ၏ချစ်ခြင်းမေတ္တာကိုအပြီးသတ်တံဆိပ်ခတ်နှိပ်လိုက်ပါ၏။

ဤကဲ့သို့သောမေတ္တာမျိုးသည် မေတ္တာအားလုံးထဲတွင်အကြီးမြတ်ဆုံးဖြစ်တော့သည်။ ကြည့်ပါ၊ သူမကသခင်ဘုရားကိုချစ်သည်မှာ သူမ၏အပြစ်များကိုခွင့်လွှတ်ခြင်းမခံရသေးခင်ကပင်ချစ်နေခြင်းဖြစ်သည်။ သူမက သူဖြစ်သည့်အတိုင်းကိုတန်ဖိုးထား၍ချစ်နေခြင်းဖြစ်သည်။ သူသည် ကယ်တင်ခြင်းကိုတွေ့ရှိနိုင်ရာ တဦးတည်းသောပုဂ္ဂိုလ်

ဖြစ်၏။ သူသည်ပျောက်သောသူအတွက် တစုတည်းသောမျှော်လင့်ရာဖြစ်၏။ သူသည် လူတို့စိတ်ချလက်ချပြေးဝင်ခိုလှုံနိုင်သောတစုတည်းသောကျောက်ဆောင်ဖြစ်၏။ ထိုအချက်များကြောင့် သူမကသူ့ကိုချစ်မြတ်နိုးရခြင်းဖြစ်၏။ ထိုအချစ်မျိုးသည် အတ္တစိတ်တဝက်တပျက်ပါသော–"သင့်ကိုငါချစ်သည်၊ အဘယ့်ကြောင့်ဆိုသော် သင်ကငါ့ကိုချစ်သောကြောင့်ဖြစ်သည်"–ဆိုသောအချစ်မျိုးမဟုတ်ပါ။ သန့်ရှင်းသောမြင့်မြတ်သော–"သင့်ကိုငါချစ်သည်၊ အဘယ့်ကြောင့်ဆိုသော်သင်ဖြစ်သည့်အတိုင်းသင်ဖြစ်သောကြောင့်ဖြစ်သည်"–ဟူသောအချစ်မျိုးဖြစ်၏။ သခင်ယေရှုက–" သူမ၏များပြားလှသောအပြစ်များကို ခွင့်လွှတ်ခြင်းခံရပြီ၊ အဘယ့်ကြောင့်ဆိုသော်သူမအလွန်ချစ်တတ်သောကြောင့်ဖြစ်သည်"–ဟု မိန့်တော်မူလိုက်ပြီးဖြစ်၏။

မည်သို့ပင်ဖြစ်စေ သူမ၏ယုံကြည်စိတ်သည် ချီတုံချတုံဖြစ်နေသည်နှင့်အမျှ သူမကိုသခင်ခရစ်တော်ရှေ့သို့ ခေါ်ဆောင်လာနိုင်သည်၊ ထိုအထဲတွင် သူမအတွက်ထိုမျှကြီးမြတ်သောခွင့်လွှတ်ခြင်းကိုခံစားရလိမ့်မည်ဟု မျှော်လင့်စရာမရှိသောအခြေအနေတွင်ပင်မျှော်လင့်နေနိုင်သော ယုံကြည်ခြင်းကျောက်မြတ်ရတနာ ပါရှိနေပါ၏။ ထိုမျှော်လင့်ခြင်းမှတပါး သူ့ဆီသွားစရာ အခြားကိစ္စရှိနိုင်ဦးမည်လော? သူမ၏အတွင်းထဲမှရှုန်းကန်နေသောအတွေးများ–(ဒါဟာငါ့အတွက်မဖြစ်နိုင်ပါဘူး! နေဦးနောက်ဆုံးတော့ ငါ့အတွက်ဖြစ်နေနိုင်တာဘဲမဟုတ်လား? ငါဟာကြီးမားတဲ့အပြစ်တွေနဲ့ပြည့်နေတဲ့သူပါ! အကန့်အသတ်မဲ့တဲ့ကျေးဇူးတော်ဟာ ငါ့ဆီကိုလဲလက်လှမ်းမှီလာနိုင်တာဘဲမဟုတ်လား? ငါသွားကိုသွားရမယ် ဘာဖြစ်လို့လဲဆိုတော့ သခင်ခရစ်တော်ရဲ့သနားခြင်းဂရုဏာတော်ဟာ ပင်လယ်ပြင်ထက်ကျယ်ဝန်းလို့ဘဲ)–စသည်တို့က သူမအားလှုံ့ဆော်နေသောစိတ်ကိုဖော်ပြနေ၏။

သင့်ကိုယ်ပိုင်ယုံကြည်စိတ်က ဤသို့သောစိတ်ခံစားချက်များကိုဖေါ်ထုတ်ပေးပါသလား? ဤသည်မှာ လက်ဝါးကပ်တိုင်ခြေရင်းသို့ ပြေးဝင်ခိုလှုံကြသောသူအားလုံး၏ လမ်းစဉ်ပင်ဖြစ်၏။

အဘယ့်ကြောင့်ဆိုသော် ထိုသို့သောယုံကြည်စိတ်ဖြင့်သွားသောသူသည်၊ ခွင့်လွှတ်ခြင်းခံစားရမည်ဖြစ်သောကြောင့်ဖြစ်၏။

## ယုံကြည်ခြင်းနှင့် ငြိမ်းချမ်းခြင်း

ထို့နောက်တွင် မယုံကြည်သူညည့်သည်များ၏လှောင်ပြောင်သရော်သောမေးခွန်းများကိုဂရုမစိုက်ဘဲ၊ သခင်ယေရှုက ထိုအမျိုးသမီးကို–"သင်၏ယုံကြည်ခြင်းက သင့်ကိုကယ်တင်လိုက်ပြီ၊ ငြိမ်းချမ်းစွာသွားပါလော့"–ဟု မိန့်တော်မူလိုက်သည်။

ဤမိန့်မှာချက်သည်၊ သခင်ဘုရားကထိုအမျိုးသမီးအား–"ငါတို့တတွေ ဒီစုတ်ပြတ်နေတဲ့၊ ကိုယ့်ဟာကိုယ်လူဖြောင့်ကြီးတွေဆိုပြီး ဘဝင်လေဟပ်နေကြတဲ့၊ ကြောင်သူတော်ကြီးတွေရဲ့စကားကိုဂရုမစိုက်ဘဲနေကြစို့။ မင့်ကို ငါပြောတယ်–မင်းဟာဘုရားသခင်နဲ့ငြိမ်းချမ်းရေးရသွားပြီ"–ဟုပြောလိုက်သည်နှင့်အတူတူပင်ဖြစ်တော့သည်။

ဤမိန့်မှာချက်က သနားစဖွယ်အမျိုးသမီးအတွက် မည်သို့သောအဓိပ္ပါယ်ဆောင်မည်နည်း။ ကြည့်ပါ၊ ထိုသူအားလုံး၏ရှေ့တွင်–သူမအားပျက်ရယ်ပြုကြသူများမျက်မှောက်တွင်၊ ကိုယ့်ဟာကိုယ်ဟုတ်လှပြီဟုထင်ပြီးကျေနပ်နေကြသောသူများက နားနှင့်ဆတ်ဆတ်ကြားလိုက်ရလေအောင်– သခင်ခရစ်တော်က တုန်လှုပ်ချောက်ချားနေသောအမျိုးသမီးအားပြောလိုက်သည်မှာ–"သင့်အပြစ်များခွင့်လွှတ်ခြင်းခံရပြီ! ခွင့်လွှတ်လိုက်ပြီ! အခုအတွက်ကော၊ထာဝရအတွက်ပါ ခွင့်လွှတ်လိုက်ပြီ။ သင့်ရဲ့ယုံကြည်စိတ်က သင့်ကိုကယ်တင်လိုက်ပြီ။ ငြိမ်းချမ်းစွာသွားပေတော့"–ဟုပြောလိုက်သကဲ့သို့ဖြစ်သည်။ ထို့ထက်ပို၍ကောင်းမြတ်သောစကား မည်သူကမှပြောနိုင်ဘွယ်ရာမရှိပြီ။

လူတဦးသည် သူ့ဘဝထဲတွင် အပြစ်တရားနှင့်စိတ်ဓါတ်ပျက်ပြားခြင်းအစုတ်ထုပ်ကြီးမှတပါးဘာမျှမရှိဘဲဖြစ်နေနိုင်သည်၊ သို့သော် အကယ်၍သာ သခင်ခရစ်တော်က အထက်ပါစကားများကို သူ့အားပြောကြားလိုက်မည်ဆိုခဲ့လျှင် သူ့ထံ၌အရာအားလုံးရှိသွားခြင်းပင်ဖြစ်ပေမည်။ ထို့အတူ လူတဦးသည် ကမ္ဘာကြီးတခုလုံးကိုသူ့အတွက်ပိုင်ဆိုင်လိုက်နိုင်သည်၊ သို့သော် အကယ်၍သာသခင်ခရစ်တော်က အထက်ပါစကားများကို သူ့အတွက်ဘယ်တုန်းကမှမပြောခဲ့ဘူးဆိုလျှင် သူသည် အလွန်အမင်းစိတ်မချမ်းမြေ့စရာ၊ စုတ်ပြတ်နေသော၊ မျှော်လင့်ခြင်းကင်းမဲ့သော ဘဝပိုင်ရှင်သာဖြစ်ပေမည်။

သခင်ခရစ်တော်သည် ယနေ့အထိ သူ့ထံသို့ယုံကြည်စိတ်ဖြင့်ချည်းကပ်လာသူများကို ထိုစကားများပြောနေပါသေးသည်။ ကျွန်တော်တို့သည် ဝမ်းမြောက်ဘွယ်ရာသတင်းကောင်းဟောပြောခြင်းထဲတွင်ထိုစကားများကိုကြားကြရသည်။ သခင်ခရစ်တော်သည် ကျွန်တော်တို့၏ (အပြစ်များကြောင့်)နာကျင်ပူလောင်နေသော နှလုံးသားများထဲတွင် သူ၏ဝိညာဉ်တော်အားဖြင့်–"သင်၏အပြစ်များကို ခွင့်လွှတ်ပေးလိုက်ပြီ။ သင်၏ယုံကြည်ခြင်းသည်သင့်ကိုကယ်တင်လိုက်ပြီ။ ငြိမ်းချမ်းစွာသွားပါလော့"–ဟု ပြောနေသည်။

ထို့နောက်တွင်တော့ ကျွန်တော်တို့နားလည်နိုင်စွမ်းအားလုံးကိုကျော်လွန်နေသော ထိုငြိမ်းချမ်းခြင်းသည် ကျွန်တော်တို့နှလုံးသားများနှင့် စိတ်ဝိညာဉ်များကို (သခင်ခရစ်တော်နှင့်အတူဘုန်းဝင်စားချိန်မရောက်မချင်း) ကာကွယ်စောင့်ရှောက်နေလိမ့်မည်ဖြစ်၏။

(The Mysteries of the Kingdom, Rev. Herman Hanko ၏စာအုပ်ထဲမှ ဘာသာပြန်ပါသည်။)

++++++++++++++++++++++++++++++++++++++++

ဟေဗြဲ ၁၂း၂၅–၂၉ (ကျမ်းဘုရင်မူ)

၂၅ – သင်တို့အား စကားပြောသောသူကို မငြင်းပယ်ကြနှင့်၊ အဘယ်ကြောင့်ဆိုသော် ကမ္ဘာ ပေါ်၌ရှိနေသူ၏ပြောစကားကို ငြင်းပယ်သူပင်မလွတ်သဖြင့်၊ ကောင်းကင်မှနေ၍ပြောသောသူမှနေ၍ အခြားသို့လွဲသွားလျှင် မည်မျှပို၍ဆိုးပါမည်နည်း။
၂၆ – ထိုစဉ်က ကမ္ဘာကြီးကိုလှုပ်စေသောအ သံသည် ယခုအခါတွင်မူ ကတိပေးနေပါသည်၊ နောက်တဖန် ငါသည် ကမ္ဘာကြီးကိုသာမက ကောင်းကင်ကိုပင်လှုပ်စေမည်ဟု ပြောပါသည်။
၂၇ – နောက်တဖန်ဆိုသောစကားလုံးက ဖန်ဆင်းထားသည့် လှုပ်နိုင်သောထိုအရာအားလုံးကို ဖယ်ရှားခြင်းအား ရည်ညွှန်းပါသည်၊ မလှုပ်နိုင်သောအရာများသာ ကျန်ခဲ့မည်ဖြစ်သည်။
၂၈ – ထို့ကြောင့် ငါတို့သည် မလှုပ်နိုင်သောနိုင်ငံကို လက်ခံကြရသည်ဖြစ်၍၊ ကျေးဇူးတင်ကြပါမည်၊ ထိုသို့ဖြင့် ငါတို့သည် လက်ခံတော်မူထိုက်စွာ ဘုရားသခင်၏အမှုကို ရိုသေခြင်း၊ ကိုင်းရှိုင်းသောကြောက်ရွံ့ခြင်းဖြင့် ထမ်းဆောင်ကြပါမည်။
၂၉ – အဘယ်ကြောင့်ဆိုသော ငါတို့၏ ဘုရားသခင်သည် လောင်မြိုက်နေသောမီးဖြစ်သည်။